
စိတ်ကူးချိုချိုအနုပညာ
mgyoe.com



# စဉ်းစားဖို့ မေးလာတာ

## အယ်လ်ဘတ်အိုင်းစတိုင်း


ကောင်းသာ - ပြန်ဆိုသည်။

mgyoe.com

mgyoe.com

# အယ်လ်ဘတ်အိုင်းစတိုင်း

# စဉ်းစားဖို့ မွေးလာတာ



ISBN 9789997112439
KGT8
9 789997 112439
1,000.00KS

mgyoe.com

mgyoe.com

စဉ်းစားပို့မွေးလာတာ(အယ်လ်ဘတ်အိုင်းစတိုင်း)
ကောင်းသာ ပြန်ဆိုသည်။


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ၆၄၀ ၀၅၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၈၆၁ ၀၇၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာစာစီ | - | ခင်လေးနွယ် |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အောင်ဇေကျော် |
| စာအုပ်ချုပ် | - | သစ္စာ |

၉၂၅

ကောင်းသာ
စဉ်းစားပို့မွေးလာတာ(အယ်လ်ဘတ်အိုင်းစတိုင်း)/
ကောင်းသာ၊ -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁။
စာမျက်နှာ ၆၈ မျက်နှာ၊
၁၄ .၅ စင်တီ× ၂၂ စင်တီ
(၁) စဉ်းစားပို့မွေးလာတာ(အယ်လ်ဘတ်အိုင်းစတိုင်း)

၂၀၁၁၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၀၀၀ ကျပ်


mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ❖ | အယ်လ်ဘတ်အိုင်းစတိုင်းဆိုတာ ဘယ်သူလဲ | ၁ |
| ၁။ | အခန်း (၁)<br>စဉ်းစားဖို့ မွေးလာတာ ... | ၃ |
| ၂။ | အခန်း (၂)<br>ဉာဏ်ကြီးရှင်တစ်ယောက်နဲ့ အတူနေလို့<br>ဘာတွေ အလုပ်ဖြစ်မှာလဲ | ၁၀ |
| ၃။ | အခန်း (၃)<br>အယ်လ်ဘတ် အသက်ကို တဝကြီးရှူလို့<br>အစဉ်းစားမပျက် စဉ်းစားနေ | ၁၅ |
| ၄။ | အခန်း (၄)<br>အကောင်းဆုံး နှစ်ကာလများ | ၂၃ |
| ၅။ | အခန်း (၅)<br>အယ်လ်ဘတ် အဆောင်အယောင် မြင့်မြင့်ဆင်ပြီ | ၃၃ |
| ၆။ | အခန်း (၆)<br>စစ်ကြီး ... ဖြစ်ပြန်ပြီ | ၄၄ |
| ၇။ | အခန်း (၇)<br>အယ်လ်ဘတ်ရဲ့ ခေတ်ကာလကုန်ပြီ | ၅၇ |
| ၈။ | အခန်း (၈)<br>နိဂုံးအဆုံးသတ် အတွေး | ၆၂ |
| ❖ | အယ်လ်ဘတ်ဘဝ၏အရေးပါသော သက္ကရာဇ်စဉ်ပြအချိန်ဇယား | ၆၅ |
| ❖ | ခေတ်ပြိုင် ကမ္ဘာ့ဖြစ်ရပ်များပြ အချိန်ဇယား | ၆၇ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အိုင်းစတိုင်းဆိုတာ ဘယ်သူလဲ

**"စိတ်ကူးတစ်ခုက မူလအစ ကနဦးမှာ ရူးသွပ်ပုံမရခဲ့ရင်၊ ထိုစိတ်ကူးမှာ မျှော်လင့်ချက်မရှိ"**

**အယ်လ်ဘတ်အိုင်းစတိုင်း**

အယ်လ်ဘတ်အိုင်းစတိုင်းဆိုတာ ငယ်စဉ်က စာတော်တော်ညံ့လို့ ကျောင်းထုတ်ခံရဖူးတယ်ဆိုတာ ကလေးတို့ သိကြရဲ့လား။ အဟုတ်ပဲ၊ တကယ့်ကို အထုတ်ခံရဖူးတာ။ ဒါပေမဲ့ သူက ကမ္ဘာလောကကြီးက သိထားခဲ့သမျှ အထွန်းပြောင်ဆုံး ပုဂ္ဂိုလ်ကျော်ကြီးတွေထဲက တစ်ယောက် ဖြစ်လာခဲ့ပါတယ်။

အယ်လ်ဘတ်ဆိုတာ စစ်ကိုမုန်းတီးတဲ့၊ ငြိမ်းချမ်းရေးကိုယ် ချစ်မြတ်နိုးတဲ့ လူတစ်ယောက် ဖြစ်ခဲ့တယ်ဆိုတာကိုရော ကလေးတို့သိကြရဲ့လား။ ဒါပေမဲ့ သူ့အလုပ်က အဖျက်ဆီးနိုင်ဆုံး ဗုံး ဖန်တီးဖြစ်တဲ့အထိကို ရောက်စေခဲ့တယ်။

အယ်လ်ဘတ်ဟာ ရှက်တတ်ပြီး လူသူထူထပ်တာ၊ လူတွေရဲ့ အာရုံစိုက်ခံရတာကို မုန်းတတ်တယ်ဆိုတာကိုရော ကလေးတို့ သိကြရဲ့လား။ ဒါနဲ့တောင် သူဟာ သတင်းကြယ်ပွင့်ကြီး တစ်ယောက် ဖြစ်ခဲ့တယ်။

သူကွယ်လွန်ပြီးလို့ အနှစ်ငါးဆယ်ကြာလာတဲ့ ယခု အချိန်ထိအောင် ဟောလီးဝုဒ်က သူ့အကြောင်း ရုပ်ရှင်ကားတွေ ရိုက်နေရဆဲ၊ တီရှပ်တွေ၊ ကော်ဖီခွက်တွေ၊ ပိုစတာတွေမှာလည်း ကျော်ကြားလူသိများတဲ့ သူ့မျက်နှာရုပ်ပုံတွေ ရိုက်နှိပ်တန်ဆာဆင်နေရဆဲ ရှိတယ်။

အယ်လ်ဘတ်အိုင်းစတိုင်းဆိုတာ ဘယ်သူများလဲ။ သင် အခု သိရပါတော့မယ်။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အခန်း(၁)

စဉ်းစားဖို့ မွေးလာတာ



mgyoe.com

mgyoe.com

**"သင့်ဘဝကို နေထိုင်နိုင်ရေး နည်းလမ်းနှစ်ရပ်ပဲ ရှိပါတယ်။ တစ်လမ်းက ဘယ်အရာမှ အံ့ဖွယ်သရဲမဟုတ်သလို နေသွားဖို့ပါ။ နောက် နည်းလမ်းတစ်လမ်းကတော့၊ အရာရာတိုင်း အံ့ဖွယ်သရဲတွေချည်းပဲလို့ သဘောထားနေသွားဖို့ပဲ ဖြစ်ပါတယ်"**

**အယ်လ်ဘတ်အိုင်းစတိုင်း**

အယ်လ်ဘတ်အိုင်းစတိုင်း လူ့လောကထဲ စတင်ဝင်ရောက်လာတာ ၁၈၇၉ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့။ ဂျာမနီပြည် 'အမ်း' မြို့မှာ ဖြစ်ပါတယ်။ သာမန်ထက် ထူးကဲတဲ့ ကလေးတစ်ယောက်ပုံ မပေါက်ခဲ့တာ သေချာတယ်။ ထူထဲနက်မှောင်တဲ့ ဆံပင်တွေနဲ့ သူဟာ ဝကစ်ကစ်နဲ့ ဖြူလျော်လျော် ရှိခဲ့တယ်။ တော်တော်နှုတ်နည်းတဲ့ ခပ်အေးအေးကုပ်ကုပ်ကလေး ဖြစ်ပြီး ရှက်တတ်၊ ကြောက်တတ်တဲ့အတွက် သူ့ကို တစ်ခုခုများ ချို့ယွင်းနေသလားလို့ မိဘတွေက ပူပင်သောက ဖြစ်ကြရသေးတယ်။ သည်လိုနဲ့ သူ့ကို ဆရာဝန်တွေဆီခေါ်သွားပြီး ပြတယ်။ "သည်ကလေး စကားမပြောဘူး" လို့ မိဘတွေက ရှင်းပြတယ်။ ဆရာဝန်တွေက ဆေးစစ်ကြည့်တော့လည်း သူ့မှာ ဘာရောဂါမှ မတွေ့ကြရဘူး။

သည်လိုနဲ့ တေမိဇာတ်ခင်းသွားတယ်။ အယ်လ်ဘတ် အသက် သုံး–လေးနှစ်ထိအောင် စကားတစ်လုံးမှာ မပြောဘူးတဲ့။ သည့်နောက် ရုတ်တရက် တစ်ည ညစာ စားနေခိုက်မှာ "သည်စွပ်ပြုတ်က တယ်ပူလှချည်လား" လို့ စကား စပြောပါတော့တယ်။ အကြီးအကျယ် စိတ်သက်သာရာ ရသွားတဲ့ မိဘနှစ်ပါးက သူ ဘာလို့စကားတစ်ခွန်းမှ မပြောဘဲ ဝစီပိတ်နေလာခဲ့တာလဲလို့ မေးကြည့်ကြတော့ "ဘာကြောင့် နှုတ်ပိတ်နေရတာလဲဆိုတော့

mgyoe.com

mgyobe.com

အခုထိအောင် ဘာမဆို ဟန်ကျနေလို့ပါပဲ" လို့ ပြန်ဖြေသတဲ့။ သည်ပုံပြင် မှန်မှ မှန်ရဲ့လားမသိ။ သက်သေအထောက်အထားတော့ မရှိ။

သူ့လို အရွယ်မှာ ကောင်လေးတွေအများစုက စစ်သားလုပ်တမ်း ကစားကြတယ်။ လုံးလား ထွေးလား၊ ထိုးတမ်း ကြိတ်တမ်း ခပ်ကြမ်းကြမ်း ကစားနည်းတွေ ကစားကြတယ်။ အယ်လ်ဘတ်ကတော့ မပါဘူး။ အသက် ကင်းမဲ့သလို မျက်နှာသေတွေနဲ့ ချီတက်လာတဲ့ စက်ရုပ်ဆန်ဆန် စစ်သား အစစ်တွေကို မြင်ရတဲ့ အယ်လ်ဘတ်က စစ်သားတွေကို ကြောက်နေတတ် တယ်။ အယ်လ်ဘတ်က သူ့ဟာသူ တစ်ယောက်တည်းနေရင်း နေ့လယ် အိပ်မက်မက်နေရတာမျိုး ပိုကြိုက်တယ်။ သူ ဝါသနာပါတဲ့ ကစားနေကျ ကစားနည်းက အတုံးလေးတွေနဲ့ အိမ်ဆောက်တာ၊ ကဒ်ပြားလေးတွေနဲ့ တိုက်ဆောက်တမ်းကစားတဲ့ နည်းဖြစ်တယ်။ သူ ဆောက်တဲ့ ကဒ်ပြားတိုက် တွေက တစ်ခါတလေ ဆယ့်လေးထပ်ထိ မြင့်တယ် ဆိုပဲ။

တစ်ကိုယ်တော် အထီးကျန် အေးအေး၊ နှုတ်ဆိတ်ဆိတ်နဲ့ ကုပ်နေ တတ်တဲ့ သားဖြစ်သူကို မိဘတွေက ဆက်ပြီး စိုးရိမ်သောက ဖြစ်လာရ ပြန်တယ်။ သားကို ဆရာဝန်တွေဆီ ခေါ်ခေါ်ပြီး ဆေးစစ်ခိုင်းရတယ်။ "သား ရဲ့ဦးနှောက်ထဲမှာ တစ်ခုခု မှားယွင်းတာပဲ ဖြစ်ရမယ်" နှောက်ထပ် စစ်ဆေး ရပြန်တဲ့ ဆရာဝန်တွေဟာ သည်ကောင်လေးမှာ ဘာရောဂါမှ မတွေ့ရပြန် ဘူး။ သူ့နဂိုသဘာဝအတိုင်းပဲ တွေ့ရတယ်။ တိတ်တိတ်ဆိတ်ဆိတ်၊ ခပ် အေးအေးနဲ့ တွေးချင်ရာတွေးနေသူ၊ အတွေးသမားတစ်ယောက် ဖြစ်နေ တော့တယ်။

အယ်လ်ဘတ်ရဲ့ အဖေနဲ့ ဦးလေးတို့မှာ ဘက်ထရီတွေ၊ ဂျင်နရေ တာတွေ၊ ဝါယာကြိုးတွေ ရောင်းတဲ့ စီးပွားရေးလုပ်ငန်းတစ်ခု ရှိတယ်။ လျှပ်စစ်ဓာတ်က အယ်လ်ဘတ်ရဲ့စိတ်အာရုံကို ဆွဲဆောင်သိမ်းသွင်းနိုင်ပါ တော့တယ်။ လျှပ်စစ်ဓာတ်ဟာ မမြင်ရတဲ့ တန်ခိုးရှိပြီး အန္တရာယ်ပေးတတ် တဲ့ အရာပါ။ လျှပ်စစ်ဓာတ်ဟာ လျှို့ဝှက်နက်နဲတဲ့ ဂမ္ဘီရလျှို့ဝှက်ချက်တချို့ နဲ့ တူနေတယ်။ အယ်လ်ဘတ်က သူ့အဖေနဲ့ ဦးလေးကို မေးခွန်းတွေ တစ် ပုံတစ်ခေါင်း ပြွတ်သိပ်အောင်မေးပြီး စိတ်အိုက်အောင်လုပ်တယ်။ လျှပ်စစ် ဓာတ်က ဘယ်လောက်ထိ လျင်မြန်သလဲ။ လျှပ်စစ်ကို မြင်နိုင်တဲ့နည်း ရှိ

mgyobe.com

mgyoe.com

သလား။ ဘာနဲ့လုပ်ထားတာလဲ။ တကယ်လို့ စကြဝဠာထဲမှာ လျှပ်စစ်ဓာတ်သာ ရှိမနေရင် တခြားထူးဆန်းနက်နဲတဲ့ လျှို့ဝှက်တဲ့စွမ်းအားတွေ ရှိနိုင်ပါ့မလား။

မြင်ရတဲ့ ရှင်းပြလို့ရတာထက်၊ မမြင်နိုင် ရှင်းပြလို့မရနိုင်တဲ့ ကမ္ဘာတစ်ခုအကြောင်း တွေးတောစဉ်းစားရတာမျိုးကို အယ်လ်ဘတ်က နှစ်သက်တယ်။ နောက်ပိုင်း သူပြန်ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းက ခုလိုပါ။

"စိတ်ကူးဉာဏ်က ဗဟုသုတထက် ပိုအရေးပါတယ်။ ဗဟုသုတက အကန့်အသတ်ရှိတယ်။ စိတ်ကူးဉာဏ်က ကမ္ဘာလောကကို လွှမ်းခြုံဝန်းရံထားတယ်"

အယ်လ်ဘတ်ဟာ သူ့ဖခင်ပေးထားတဲ့ ကွန်ပါတစ်ခုကိုလည်း စွဲစွဲလမ်းလမ်း အာရုံကျနေတယ်။ သည်ကွန်ပါကို သူ ဘယ်လိုကိုင်ကိုင်၊ ကွန်ပါအိမ်မြှောင်လက်တံက အမြဲတမ်း တစ်နေရာတည်းပဲ ညွှန်နေတတ်တယ်။ မြောက်အရပ်မျက်နှာပါ။ သူက ကွန်ပါကို ဇောက်ထိုးထားကြည့်တယ်။ ဘေးတိုက် စောင်းစောင်းထားကြည့်တယ်။ မှောင်ထဲမှာ ထားကြည့်တယ်။ ဘယ်လိုလုပ်လုပ်၊ ကွန်ပါအိမ်မြှောင်က အမြဲတစ်နေရာတည်းပဲ ညွှန်နေတတ်တယ်။ ဘာကြောင့် ဖြစ်ရတာလဲဆိုတာ အယ်လ်ဘတ် စဉ်းစားလို့မရဘူး။ ကမ္ဘာကြီးက ဧရာမသံလိုက်တုံးကြီးနဲ့ တူနေတဲ့အကြောင်း၊ ကွန်ပါထဲက သံလိုက်အိမ်မြှောင်လက်တံလေးကို ကမ္ဘာ့သံလိုက်စက်က အမြဲဆွဲထားတာဖြစ်တဲ့အကြောင်း သူ့ဖေဖေက ရှင်းပြပါတယ်။ အယ်လ်ဘတ်က သူ့ဘေးနား ပတ်ပတ်လည်နေရာတိုင်းမှာ သည်လိုထူးဆန်းပြီး တန်ခိုးရှိတဲ့ စွမ်းအားတချို့ရှိတာ သိရလို့ အံ့ဩနေမိတယ်။ သန်စွမ်းအားကို သူ မြင်လည်း မမြင်ရ၊ ထိတွေ့ခံစားကြည့်လို့လည်း မရ၊ ရှိတော့ ရှိနေတာအမှန်ပါ။ ကွန်ပါအိမ်မြှောင်က ပြနေတာပဲ။

အယ်လ်ဘတ်တစ်ယောက် ပိုပြီးစဉ်းစားရမယ့်အကြောင်းတွေ ရှိလာရပြီ။ သူ့အတွက် အရေးကြီးတဲ့ ကိစ္စရပ်တွေအကြောင်း၊ သူ့ကို ကျောင်းက သင်မပေးဘူး။ ဒါကြောင့် ၁၀ နှစ်သားအရွယ်မှာ သူ့ကိုယ်သူ ပညာ စ သင်ကြားတော့တယ်။ သိပ္ပံပညာအကြောင်းတွေ သူတတ်နိုင်သလောက် များများ ဖတ်ရှုတော့တယ်။

mgyoe.com

**"သံလိုက်ကမ္ဘာ"**

**သံလိုက်တွေက မမြင်ရတဲ့ စွမ်းအားတွေဖြစ်တယ်။ သံလိုက် တိုင်းမှာ အစွန်းနှစ်ဖက် ရှိကြတယ်။ 'မြောက်ဝင်ရိုးစွန်း' လို့ ခေါ်တာ တစ်ခု၊ 'တောင်ဝင်ရိုးစွန်း'လို့ ခေါ်တာ တစ်ခုဖြစ်တယ်။ သံလိုက်တစ်ခုရဲ့ မြောက်ဝင်ရိုးစွန်းက တခြားသံလိုက်ရဲ့ တောင်ဝင် ရိုးစွန်းကို ဆွဲငင်တယ်။ ဆန့်ကျင်ဘက် ဝင်ရိုးစွန်းတွေက အချင်းချင်း ပိုနီးအောင် တွဲကြလို့ ခွာမရအောင် ထိကပ်သွားတတ်တယ်။ ဝင်ရိုးစွန်း အချင်းချင်း၊ မြောက်က မြောက်နဲ့၊ ဒါမှမဟုတ် တောင်က တောင်နဲ့ အတူကပ်ဖို့ ကြိုးစားကြည့်ရင်တော့ ကပ်မရတဲ့အပြင် တွန်းကန်ကြ တယ်။**

**ကမ္ဘာကြီးရဲ့ အလယ်မှာ သံတွေခဲရှိတယ်။ အဲဒါတွေက သံလိုက်စွမ်းအားတွေ ထုတ်လွှတ်တာပါ။ ကမ္ဘာကြီးကိုယ်တိုင်က မြောက် ဝင်ရိုးစွန်း(မြောက်ဝင်ရိုးစွန်းအနီး) တစ်ခုနဲ့ တောင်ဝင်ရိုးစွန်း(တောင်ဝင်ရိုး စွန်းအနီး) တစ်ခု ပါရှိနေတာဖြစ်တယ်။ ကွန်ပါတစ်ခုရဲ့အိမ်မြှောင်က သံလိုက်ဖြစ်နေတာပဲ။ သည်အိမ်မြှောင်လက်တံ အစွန်းတစ်ဖက်က ကမ္ဘာရဲ့ မြောက်ဝင်ရိုးစွန်းဆွဲရာ ပါနေပြီး ကျန်ထိပ်တစ်ဖက်က ကမ္ဘာ့ တောင်ဝင်ရိုးစွန်းဆွဲရာကို ပါတယ်။ ကွန်ပါအိမ်မြှောင် တစ်ဖက်ထိပ်မှာ မြားခေါင်းရှိပြီး၊ အမြဲ မြောက်အရပ်ကို ညွှန်ပြနေတယ်။**

အယ်ဘတ်က တယောထိုးတာလည်း ဝါသနာပါတယ်။ သူ့ရဲ့ တက်ကြွနေတဲ့ စိတ်ဦးနှောက်ကို ဂီတက ငြိမ်းသက်စေတယ်။ အထူးသဖြင့် သူ့မိခင်နဲ့ နှစ်ယောက်တွဲပြီး တယောထိုးရတာ သူ ပိုကြိုက်တတ်တယ်။ အမေက စန္ဒရားတီးရင်း အဖော်လုပ်ပေးတယ်။ တစ်နေ့မှာ သားအမိနှစ်ယောက် ပူးတွဲတီးနေရင်း ဂီတသင်္ကေတတွေက ကိန်းဂဏန်း၊ နံပါတ်အတွဲ၊ အကွက်တွေနဲ့ တူနေတာကို အယ်လ်ဘတ်က ရုတ်တရက် နားလည်သဘောပေါက်သွားတယ်။ ဂီတက သံစဉ်အနိမ့်အမြင့်တွေက ဂဏန်းတွေကို သုံးစုတွဲ-လေးစုတွဲ၊ ရှစ်စုတွဲတွေအဖြစ် ပိုင်းခြားရေတွက်နေတာနဲ့ တူနေတယ်။ "ဂီတက ဂဏန်းတွေနဲ့ တူနေတော့တာပဲကိုး" လို့ သူက မိခင်ဖြစ်သူကို ထုတ်

mgyoe.com

ပြောပါတယ်။ (အယ်လ်ဘတ်ဟာ အကြောလျှော့ အနားယူနေစဉ်မှာပင် စဉ်းစားခန်းဝင်နေတတ်ပါတယ်။)

နောက်ပိုင်း အယ်လ်ဘတ် ကျော်ကြားလာပြီး ကမ္ဘာတစ်ဝန်း ခရီးလှည့်တဲ့အခါမှာ သူနဲ့တစ်ပါတည်း ကိုယ်နဲ့မကွာ ယူသွားတတ်တဲ့ ပစ္စည်းနှစ်မျိုးပဲ ရှိတယ်။ အဲဒါတွေက သူ့ခရီးဆောင်သေတ္တာငယ်နဲ့ တယောတို့ပဲ ဖြစ်ပါတယ်။

အယ်လ်ဘတ် တစ်နှစ်သားအရွယ်ရောက်လာတဲ့အခါ သူ့မိသားစုဟာ ဂျာမနီနိုင်ငံ မြူးနစ်မြို့ကို ရွှေ့ပြောင်းနေထိုင်ကြပါတယ်။ အဲဒီမှာ သူ့ညီမလေး 'မာဂျာ' ကို မွေးဖွားတယ်။ အယ်လ်ဘတ်က သူ့ညီမလေးကို ကစားစရာအရုပ်တစ်ရုပ် ဖြစ်လာမယ်လို့ထင်နေခဲ့တာပါ။ ဒါပေမဲ့ 'မာဂျာ' က ကစားစရာအရုပ်တွေလို ဘီးမပါလာတာတွေ့ရတော့ "သည်အရုပ်မှာ ဘီးတွေ ဘယ်ရောက်ကုန်တာလဲ" လို့ မိဘတွေကို မေးကြည့်တယ်။ ကလေးပေါက်စလေးကို သူ အတော်စိတ်ပျက်သွားတာ ရှင်းနေတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဘီးမပါတဲ့ ကလေးမလေး မာဂျာဟာ အယ်လ်ဘတ်ရဲ့ အကောင်းဆုံးမိတ်ဆွေဘဝ မဆိုင်းမတွ ရောက်လာပါတယ်။ မောင်နှမနှစ်ယောက်သား အရွယ်ရောက်စပြုလာစဉ် နှစ်ယောက်အတူတွဲလို့ ခရီးရှည်လမ်းအတူ လျှောက်၊ တောင်တွေ ဘာတွေ တက်ကြတယ်။ သူတို့ရဲ့ ဝမ်းကွဲတွေလည်း မကြာခဏ သူတို့နဲ့ပူးပေါင်းလာတတ်တယ်။ တောင်ကုန်းပိုမြင့်မြင့် တက်နိုင်လေလေ၊ အယ်လ်ဘတ်ကို ပိုကောင်းကောင်း စဉ်းစားလာနိုင်လေလေ ဖြစ်ပါတယ်။ သည်စဉ်းစားမှု တောင်ကုန်းတွေပေါ်မှာ သူ့ရဲ့ကွန်ပါကိုသုံးရင်း သည်ကမ္ဘာကြီး ဘယ်လောက်ထိအောင် လျှို့ဝှက်နက်နဲသလဲဆိုတာကို တွေးတောစဉ်းစားနေတတ်တယ်။ မြက်ခင်းပေါ် ကျောခင်း ပက်လက်လှန်အိပ်ရင်း၊ မိုးကောင်းကင်တည့်တည့် ငေးကြည့်စဉ် အာကာသအကြောင်း သူ စဉ်းစားတွေးတောနေလေ့ရှိရဲ့။ သည်အာကာသထက် ပိုဝေးတဲ့နေရာတစ်ခုခုများ ရှိသလား။ အဲဒီနေရာကို တစ်ယောက်ယောက်က သွားမယ်ဆိုရင် ဘယ်လောက်မြန်မြန်နဲ့ ရောက်နိုင်မလဲ။ သည်ကြယ်တာရာတွေရဲ့ အလင်းရောင်တွေက သင်တို့မျက်လုံးထဲအထိ ရောက်လာဖို့ လမ်းတစ်လျှောက်လုံး ဘယ်လိုများ လာခဲ့ရသလဲ။ အာကာသက

mgyoe.com

ဘယ်လောက်ဝေးဝေးထိ သွားနေသလဲ။ အလင်းတန်းတစ်ခုပေါ် သင်ခွစီး လိုက်သွားလို့ ရနိုင်မလား။ စကြဝဠာထက် ပိုကြီးမားတဲ့ အရာတစ်ခုခုကော ရှိသေးသလား။

အယ်လ်ဘတ်ဟာ စဉ်းစားတွေးတောဖို့အတွက် သက်သက်နဲ့ မွေးဖွားလာပုံရပါတယ်။ သူ့အဖေနဲ့ ဦးလေးတို့က သူ စဉ်းစားတွေးတောတာကို ကူညီလမ်းညွှန်ပေးကြတယ်။ သူ့ညီမလေးနဲ့ ဝမ်းကွဲတွေကလည်း သူ့စဉ်းစားမှု အတွေးခရီးရှည်ကို အားပေးကြတယ်။ အယ်လ်ဘတ်က သင်္ချာနဲ့ သိပ္ပံပုစ္ဆာပြဿနာတွေ စဉ်းစားတွက်ချက်ရာမှာ သူ့ကို ကူညီမယ့် စာအုပ်တွေ ရှာတွေ့တယ်။ သူ့အမေကလည်း သူ့ကို ဂီတနဲ့ မိတ်ဆက်ပေးတယ်။ သည်ဂီတက သူ့စိတ်ကို စာအုပ်တွေက လုပ်မပေးနိုင်တဲ့နည်းလမ်းတစ်ခုနဲ့ ချိတ်ဆက်ပေးတယ်။ တချို့ကလေးတွေက ကြီးလာရင် စက်ပြင်ဆရာ ဒါမှမဟုတ် တိရစ္ဆာန်ဆေးကုဆရာဝန်ဖြစ်ဖို့ အိပ်မက် မက်နေခိုက်မှာ အယ်လ်ဘတ်ကတော့ တွေးခေါ်ရှင်တစ်ဦးဖြစ်ရေးကို ဦးတည်ချက် ထားလိုက်ပါတယ်။


❑

mgyoe.com

mgyoe.com

# အခန်း ၂

## ဉာဏ်ကြီးရှင်တစ်ယောက်နဲ့အတူနေလို့ ဘာတွေ အလုပ်ဖြစ်မှာလဲ



mgyoe.com

mgyoe.com

အယ်လ်ဘတ်က မူလတန်းကျောင်းကို သဘောကျခဲ့တယ်။ ဆရာ၊ ဆရာမတွေက ကြင်နာသနားပြီး၊ သည်းညည်းခံကြတယ်။ အယ်လ်ဘတ်ရဲ့ မေးခွန်းတွေအားလုံးကို သူတို့ အကောင်းဆုံးဖြစ်နိုင်ဖို့ ကြိုးစားခဲ့ကြတယ်။ ဒါပေမဲ့ အယ်လ်ဘတ် အသက် ၁၀ နှစ်အရောက်မှာ အခြေအနေတွေ ပြောင်းလဲကုန်တယ်။ အထက်တန်းကျောင်းကို ပြောင်းရွှေ့တဲ့အချိန်ပေါ့။ အတော်ဆိုးဝါးတဲ့ အတွေ့အကြုံတစ်ရပ်ပဲ ဖြစ်တယ်။

တစ်ခါတုန်းက အယ်လ်ဘတ်ရဲ့ အမေက ကျောင်းအုပ်ဆရာကြီးကို မေးခွန်းတစ်ခု မေးကြည့်ဖူးတယ်။ သူ့သားအတွက် ဘယ်လိုအသက်မွေးဝမ်းကျောင်းပညာမျိုး စဉ်းစားသင့်သလဲလို့ မေးတာပါ။ ကျောင်းအုပ်ကြီးက 'ဒါ အကြောင်းမဟုတ်ပါဘူး၊ အယ်လ်ဘတ်က ဘယ်နေရာမှာပဲဖြစ်ဖြစ် သူ့ဟာသူ အောင်မြင်မှုတစ်ခုခု လုပ်ပြနိုင်မှာမှ မဟုတ်ဘဲ'လို့ ပြန်ဖြေသတဲ့။ အယ်လ်ဘတ်တက်ရောက်တဲ့ ဂျာမန်အထက်တန်းကျောင်းတွေက တူညီဝတ်စုံ(ယူနီဖောင်း)တွေ ဝတ်ပြီး ကျောင်းတက်ကြရတယ်။ စာသင်ခန်းတစ်ခန်းကနေ တစ်ခန်းကို ကူးရာမှာ စစ်သားတွေလို တန်းစီပြီး ချီတက်သွားကြရတယ်။ စစ်သားပုံစံနေရ ထိုင်ရတာက အယ်လ်ဘတ်ကို စိတ်ကျဉ်းကျပ်စေတယ်။ စာသင်ခန်းတွေထဲမှာ ကျောင်းသားတွေမှန်သမျှ တစ်ချိန်လုံး ခါးမတ်မတ်တောင့်တောင့် ထားပြီး ထိုင်ကြရတယ်။ ဆရာတွေက အော်ဟစ်ပြီး အမိန့်တွေထုတ်တယ်။ ကျောင်းသားတွေက ထခုန်အလေးပြုကြရတယ်။ ဘာမေးခွန်းမှ မေးခွင့်မရှိဘူး။ အယ်လ်ဘတ်တို့ ကျောင်းသားတွေမှာ ဖတ်စရာရှိတာ အလွတ်ကျက်၊ ဖတ်ပြီး အသေမှတ်ဖို့ပဲရှိတယ်။ စဉ်းစားတွေတောခွင့်ရမယ် မမျှော်လင့်နိုင်ဘူး။ အယ်လ်ဘတ် အတော်

mgyoe.com

mgyoe.com
ကျောချမ်းအောင် လန့်ဖျပ်သွားတယ်။ ဒါ သူ့ပုံစံ စတိုင်မဟုတ်ဘူး။ ကျောင်းသားတွေအပေါ် ဆရာတွေ ဆက်ဆံခဲ့တဲ့ပုံစံကြောင့် အယ်လ်ဘတ်က သူ့ဆရာတွေကို 'တပ်ကြပ်ကြီးတွေ'လို့ မှည့်ခေါ်ခဲ့တယ်။

သင်္ချာပုစ္ဆာတွေက အလွတ်ကျက်လို့ရနိုင်တာမဟုတ်ဘဲ၊ စဉ်းစားဖော်ထုတ်ရတာဖြစ်တာကြောင့် သင်္ချာဟာ အယ်လ်ဘတ် စိတ်ကြိုက်တွေ့တဲ့ ဘာသာရပ်ဖြစ်ပါတယ်။ အိမ်မှာဆိုရင် သူ့ဦးလေးက သူ့အတွက် ခက်ခဲတဲ့ အက္ခရာသင်္ချာပုစ္ဆာတွေ တွက်ပေးတယ်။ အက္ခရာသင်္ချာဆိုတာ ညီမျှခြင်းတွေ ပါဝင်တဲ့ သင်္ချာပညာဖြစ်ပြီး အယ်လ်ဘတ်အတွက်တော့ ပဟေဠိတစ်ခုဖြေရှင်းဖော်ထုတ်ရတာနဲ့တူတယ်။ အယ်လ်ဘတ်မှာ ကိုယ့်ဟာကိုယ် ဂျီသြမေတြီပြန်သင်ယူရမှာ သုံးနေကျဖြစ်တဲ့ စာအုပ်တစ်အုပ်လည်း ရထားတယ်။ ဂျီသြမေတြီဆိုတာ ပုံသဏ္ဍာန်တွေ၊ လေးထောင့်တွေပုံ၊ ကုဗပုံ၊ စက်ဝိုင်းပုံ၊ စက်လုံးတွေပါဝင်တဲ့ သင်္ချာပညာဖြစ်ပြီး အယ်လ်ဘတ်အတွက် အတုံးလေးတွေနဲ့ ကစားရတာနဲ့တူနေတယ်။ တစ်ချိန်တည်းမှာ သူ့အတန်းထဲက သူငယ်ချင်းကောင်လေးတွေကတော့ မြှောက်တာ၊ စားတာတွေနဲ့ပဲ လုံးလည်လိုက် ချာချာလည်နေတုန်းတွေ့ရတယ်။ အယ်လ်က အတန်းထဲမှာ မေးခွန်းတွေ အများကြီးမေးတတ်လွန်းလို့ ဒဏ်ပေးခံရတတ်တယ်။

ကျောင်းမှာ တခြားကျောင်းသားတွေနဲ့ သူနဲ့ ဘယ်တော့မှ အံဝင်ခွင်ကျဖြစ်တယ်လို့ မရှိဘူး။ သူက အားကစားတွေလည်း စိတ်ဝင်စားတာမရှိတော့ စာသင်ခန်းတွေဟာ ပျင်းရိငြီးငွေ့ဖွယ်ကောင်းနေတော့တယ်။

အယ်လ်ဘတ်မှာ သူ့ထက်ကြီးတဲ့ အစ်ကိုတစ်ယောက် လိုအပ်တယ်။ ခက်ခဲကြမ်းတမ်းလွန်းတဲ့ အထက်တန်းကျောင်းသားဘဝကို ဖြတ်သန်းနေခဲ့ဖူးတဲ့ လူတစ်ယောက်ယောက်ပေါ့။ အရာရာ အဆင်ပြေပါလိမ့်မယ်လို့ သူ့ကို အားပေးလမ်းပြနိုင်မယ့် လူစားမျိုးပါ။ အယ်လ်ဘတ်အတွက် အဲဒီလို ပိုကြီးတဲ့အစ်ကိုတော်ကတော့ "မက်စ်တယ်လ်မီ"ပါပဲ။ မက်စ်က ဆေးကျောင်းသားတစ်ယောက်လည်းဖြစ်၊ မိသားစုရဲ့ မိတ်ဆွေတစ်ဦးလည်း ဖြစ်တယ်။ အိုင်းစတိုင်းအိမ်သားတွေနဲ့ အတူတူ မကြာ မကြာ ညစာ လာစားလေ့ရှိတယ်။ ဆယ်ကျော်သက် အယ်လ်ဘတ်လေးဟာ ဘယ်လောက်ထိ ထွန်းပြောင်တယ်၊ ဉာဏ်ထက်တယ်ဆိုတာ မက်စ်က မကြာမတင်မှာဘဲ
mgyoe.com

သဘောပေါက်နားလည်လာပြီး အသိအမှတ်လည်းပြုတယ်။ အယ်လ်ဘတ် အတွက် သူက ဒေသခံတက္ကသိုလ်ကနေ စာအုပ်တွေ တစ်ပုံတစ်ခေါင်း ယူလာပေးတယ်။

မက်စ်က အယ်လ်ဘတ်နဲ့အတူတူ သင်္ချာဆွေးနွေးနိုင်စွမ်း မရှိဘူး။ "အယ်လ်ဘတ်ရဲ့ သင်္ချာဉာဏ်ကြီးမားထက်မြက် ကွန့်မြူးနိုင်စွမ်းက မြင့်မားလွန်းအားကြီးတာမို့ ကျွန်တော် လိုက်မမီဘူး"လို့ မက်စ်က ရေးသားခဲ့ဖူးတယ်။ ဒါပေမဲ့ အယ်လ်ဘတ်ကို စိတ်ဝင်စားဖွယ် ပညာသစ်တွေ ရှာဖွေလေ့လာနိုင်ဖို့ 'မက်စ်' က အားပေးပါတယ်။ တစ်ခဏချင်းမှာပဲ အယ်လ်ဘတ်ဟာ သမိုင်းအကြောင်းတွေ ဖတ်ရှုပြီး ဘာသာရေးကိုလည်း လေ့လာလိုက်စားတယ်။

အယ်လ်ဘတ်ရဲ့မိသားစုက ဂျူးလူမျိုးတွေ ဖြစ်ကြတယ်။ ဒါပေမဲ့ သူ့မိဘတွေက ဂျူးရိုးရာ ဓလေ့ထုံးတမ်းတွေ မလိုက်နာဘူး။ သူတို့က အယ်လ်ဘတ်ကို ရိုးရိုးရှင်းရှင်းပဲ ရိုမန်ကက်သလစ် မူလတန်းကျောင်းကို ပို့ခဲ့တယ်။ ထားနိုင်သမျှထဲမှာ သည်ကျောင်းက အကောင်းဆုံးပဲလို့ ယူဆလို့ ဖြစ်ပါတယ်။ ဒါပေမဲ့ ခေတ္တခဏလောက်တော့ ဂျူးဘာသာရေး ရိုးရာထုံးစံတွေကို အယ်လ်ဘတ်က အင်မတန် တင်းတင်းကျပ်ကျပ် လိုက်နာချင်စိတ် ရှိခဲ့တယ်။ ဥပမာအားဖြင့် သူက ဝက်သားမစားဘူးလို့ ရှောင်ကြဉ်ထားတာမျိုးပေါ့။ လူများစွာလိုပဲ အယ်လ်ဘတ်က သမ္မာကျမ်းစာထဲပါတဲ့ စာလုံးတိုင်းကို အတိအကျ တရားသေယုံကြည်သူမဟုတ်ဘူး။ ကမ္ဘာလောကကြီးကို ၆ ရက်တည်းနဲ့ အပြီးဖန်ဆင်းခဲ့တယ်ဆိုတဲ့ စာပိုဒ်မျိုးကို အယုံအကြည်မရှိတာဖြစ်တယ်။ ဘာသာရေးအပေါ် အယ်လ်ဘတ်ရဲ့စိတ်ဝင်စားမှုကို သည်အချက်က အဆုံးသတ်စေခဲ့တာလား။ မဟုတ်ပါဘူး။ သည်အချက်က အယ်လ်ဘတ်ရဲ့စပ်စုတတ်တဲ့ စိတ်ကို ပိုပြီး စဉ်းစားတွေးတောစရာတွေ ထည့်ပေးရုံသာ ဖြစ်ပါတယ်။

"စိတ်ကူးတွေက ဘုရားသခင်ဆီက လာတာဖြစ်တယ်"လို့ သူက ကြွေးကြော်ခဲ့တယ်။ သူ့ဘဝ နောက်ပိုင်းမှာ အယ်လ်ဘတ်က သိပ္ပံပညာရှင်ဖြစ်ရေး သူ့ ရည်မှန်းချက်ပန်းတိုင်ထားရခြင်းအကြောင်းက "ဘုရားသခင်ရဲ့စိတ်ကို ဖတ်ကြည့်"ဖို့ ဖြစ်တယ်လို့ ဆိုပါတယ်။

mgyoe.com

mgyoe.com

အယ်လ်ဘတ် ဆယ့်ငါးနှစ်အရွယ်ရောက်လာတော့ သူ့သူငယ်ချင်း 'မက်စ်' လည်း အမေရိကကို ပြောင်းရွှေ့သွားတယ်။ 'မက်စ်' ကို ဆုံးရှုံးရတာဟာ အယ်လ်ဘတ်အဖို့တော့ အတော်နေရခက်ခဲလှတယ်။ သည့်နောက် အယ်လ်ဘတ်ရဲ့မိသားစုတစ်ခုလုံးလည်း ဖခင်ရဲ့အလုပ်ကိစ္စကြောင့် ဂျာမနီကနေ အီတလီကို ပြောင်းသွားရပါတယ်။ အယ်လ်ဘတ်ကတော့ ကျောင်းပြီးတဲ့အထိ ဆက်တက်ဖို့ ကျန်နေရစ်တယ်။ သူ့အဖို့တော့ စိတ်လည်းဆိုး၊ တစ်ကိုယ်တော်လည်းဖြစ် ကျန်ရစ်တာမို့ ကျောင်းကို ခါတိုင်းထက် ပိုမုန်းတီးနေတော့တယ်။

အယ်လ်ဘတ်က သူ့ကျောင်းက ဆရာတွေကို တစ်ချက်မှ မော့မကြည့်ဘူး။ သူတို့အပေါ် သူ အခု ပွင့်ပွင့်လင်းလင်းပဲ ရှိသေလေးစားလို့မရအောင် ဖြစ်လာနေပါပြီ။

'အာဏာပိုင်တွေအပေါ် မဆင်ခြင် မစဉ်းစားဘဲ အရမ်းကာရော ရိုသေလိုက်နာနေတာမျိုးက အမှန်တရားရဲ့ အကြီးမားဆုံး ရန်သူပဲ ဖြစ်တယ်" လို့ သူက ရှင်းပြခဲ့တယ်။ သူ့ရဲ့ ဆရာတွေထဲက တစ်ယောက်က သူ့ကို 'ခပ်ပျင်းပျင်းခွေးတစ်ကောင်'လို့ ပြောခဲ့တယ်။ တခြားလူတွေကတော့ အတန်းဖော်တွေအပေါ် အယ်လ်ဘတ်က ဆိုးဆိုးဝါးဝါး ဩဇာညောင်းနေခဲ့တယ်လို့ ဆိုကြတယ်။ အကြောင်းရင်းကတော့ ဆရာတွေ မဖြေတတ်တဲ့ မေးခွန်းမျိုးတွေပဲ သူက အမြဲပေးနေတတ်လို့ပါ။ အဆုံးသတ် ရလဒ်က အယ်လ်ဘတ် ကျောင်းက အထုတ်ခံရတာပဲ ဖြစ်ပါတော့တယ်။

❑

mgyoe.com

mgyoe.com

# အခန်း (၃)
# အယ်လ်ဘတ် အသက်ကိုတဝကြီးရှူလို့
# အစဉ်းစားမပျက် စဉ်းစားနေ



mgyoe.com

mgyoe.com

**"ကျွဲအုပ်တစ်အုပ်ကြားထဲ မွေးဖွားလာသူ လူတစ်ယောက်အဖို့**
**ကိုယ့်ခေတ်ကာလမရောက်မီ ခြေထောက်တွေအောက် နင်းချေမခံရဘူး**
**ဆိုရင်ပဲ ဝမ်းသာရဖို့ ရှိပါတော့တယ်"**

**အယ်လ်ဘတ်အိုင်းစတိုင်း**

ကိုယ်မုန်းတီးတဲ့ ကျောင်းပဲဖြစ်စေဦးတော့ ကျောင်းကအထုတ်ခံရတယ်ဆိုတာကိုက အယ်လ်ဘတ်အတွက် အတော် ရင်နာစရာကောင်းနေတယ်။ သည်လောက် ပြောင်ပြောင်တင်းတင်း ကျဆုံးရတာကို သူက ရှက်မိသေးတယ်။ ဆရာတွေကိုလည်း တော်တော် ဒေါသထွက်တယ်။ ကိုယ့်ကိုယ်ကိုယ်လည်း စိတ်ပျက်မိတယ်။ ဒါပေမဲ့ မဆိုင်းမတွ ကိုယ့်မိသားစုကို ပြန်တွေ့ရတော့မယ်ဆိုတော့လည်း စိတ်လှုပ်ရှားရင်ခုန်မိပြန်တယ်။ အီတလီမြောက်ပိုင်းမှာ သူ့မိဘ၊ ညီမနဲ့ အယ်လ်ဘတ် ပြန်ဆုံတွေ့တယ်။ အီတလီပြည်က ဂျာမနီပြည်နဲ့ အတော်ကွာခြားပါတယ်။ အယ်လ်ဘတ်ဟာ အီတလီပြည်ကို ခပ်မြန်မြန် ချစ်မိသွားတယ်။ အီတလီလူမျိုးတွေက သိပ် မိတ်ဆွေဖြစ်လွယ်တယ်၊ ယဉ်ကျေးကြပြီး ပွင့်လည်း ပွင့်လင်းတယ်။ နောက်နှစ်နှစ်ကာလမှာ အယ်လ်ဘတ်လည်း ဂီတဖျော်ဖြေပွဲတွေနဲ့ ပန်းချီပြတိုက်တွေ သွားလှည့်ပတ်ကြည့်ရှုနေတော့တယ်။ အားလုံးထဲ သူ့စိတ်ကြိုက်အကောင်းဆုံးကတော့ ကိုယ်ဖတ်ချင်တာတွေ ဖတ်ရ၊ စဉ်းစားချင်တာတွေ စဉ်းစားနေရတာပဲ ဖြစ်တယ်။ သူလေ့လာခဲ့တဲ့ သိပ္ပံပညာရှင်တွေရဲ့ဘဝတွေထဲမှာ ခေတ်ကာလအတော်ကြာအောင် ကျယ်ကျယ်ပြန့်ပြန့် တည်ရှိလက်ခံလာခဲ့ကြတဲ့ အယူအဆတွေကိုလည်း ဆန့်ကျင်ဘက်ပြု စဉ်းစားတွေးခေါ်မိလို့ နစ်နာထိခိုက်ရသူတွေရဲ့အကြောင်းလည်း ပါဝင်တယ်။ ဥပမာ

mgyoe.com

mgyoe.com

အားဖြင့် ပိုလန်က နက္ခတ္တဗေဒဆရာကြီး နီးကိုးလပ်စ်ကိုပါးနီးကပ်စ် (၁၄၇၃–၁၅၄၃) အကြောင်း ဖြစ်ပါတယ်။ နေက ကမ္ဘာကို ပတ်နေတယ်လို့ ထင်နေခဲ့တာတွေ မဟုတ်ကြောင်း၊ ဆန့်ကျင်ဘက်သဘော ကမ္ဘာကသာ နေကို ပတ်နေတာ ဖြစ်တယ်လို့ အမှန်အတိုင်း ထုတ်ပြောခဲ့တဲ့အတွက် ကိုပါးနီးကပ်စဟာ ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချခံခဲ့ရတယ်။ နောက်နှစ်တစ်ရာ ကြာတဲ့အခါ ၁၆၃၃ ခုမှာလည်း အီတလီသိပ္ပံပညာရှင် 'ဂါလီလီယို ဂါလီလယ်' ဟာ ကိုပါးနီးကပ်စ်နဲ့ အမြင်ချင်းတူညီနေခဲ့တဲ့အတွက် အဖမ်းဆီးခံရပြန်တယ်။ အယ်လ်ဘတ်ရဲ့ ခေတ်ရောက်လာတဲ့အခါမှာတော့ နေက ကမ္ဘာကို ပတ်နေတယ်ဆိုတာ ယုံကြည်တဲ့ ရူးသွပ်သူရယ်လို့ မရှိတော့ပါဘူး။

တခြားသိပ္ပံပညာရှင်တွေရဲ့ သဘောတရားတွေကို လေ့လာရတာက အယ်လ်ဘတ်ကို ပိုအတွေးနက်သည်ထက် နက်စေဖို့ တွန်းပို့တယ်။ အီတလီမှာ သူဟာ အတွေးတွေကို အချိန်ယူ ချရေးမှတ်ခဲ့ပြီး နှစ်ပေါင်းများစွာ သူ့ကိုယ်သူ ပြန်မေးကြည့်နေခဲ့တဲ့ မေးခွန်းတွေကိုလည်း ဖြေဖြစ်ခဲ့တယ်။ အခုတော့ သူ သိပ္ပံပညာရှင်စင်စစ် ဖြစ်ခဲ့ပါပြီ။ သူ့ရဲ့ ပထမဆုံး သိပ္ပံစာတမ်းတစ်စောင်ကိုတောင် မဂ္ဂဇင်းတစ်စောင်ထဲမှာ ပုံနှိပ်ထည့်သွင်းနိုင်ခဲ့ပါတယ်။ အဲဒီအချိန်က သူ ဆယ်ကျော်သက်အရွယ်ပဲ ရှိပါသေးတယ်။

သိပ္ပံပညာရှင်တွေက သူတို့ရဲ့အယူအဆသစ်တွေကို ဝေမျှအသိပေးချင်ကြတဲ့အခါ သိပ္ပံဂျာနယ်တွေထဲမှာ သည်အယူအဆသစ်တွေ ထည့်ရေးကြတယ်။ (စာထက် ပေထက် အက္ခရာတင်ဆိုတာ ဒါကို ဆိုလိုတယ်) သိပ္ပံပညာရှင်အားလုံးလိုပဲ အယ်လ်ဘတ်အတွက် စာထက်အက္ခရာတင် ပုံနှိပ်ခံရဖို့က အင်မတန် အရေးကြီးလှပါတယ်။ သူ့အယူအဆတွေ သူ့အတွေးအခေါ်တွေကို တခြားသိပ္ပံပညာရှင်တွေ သိရ လေ့လာနိုင်ဖို့က သည်နည်းလမ်းတစ်ခုပဲ ရှိတာကိုး။

အယ်လ်ဘတ်ရဲ့ ပထမဆုံးပုံနှိပ်ခံရတဲ့စာတမ်းက လျှပ်စစ်ဓာတ်နဲ့ သံလိုက်စက်ကွင်းဓာတ်အကြောင်း ဖြစ်ပါတယ်။ ဒါက အံ့သြစရာမဟုတ်ဘူး။ အားလုံးသော ဘာသာရပ်တွေထဲမှာ သည်ဘာသာရပ်နှစ်မျိုးအကြောင်းကို အယ်လ်ဘတ် နှစ်အတန်ကြာကတည်းက စဉ်းစားတွေးတောနေခဲ့တာ

mgyoe.com

mgyoe.com


ကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ လူတိုင်း တအံ့တသြ ဖြစ်ရတဲ့ကိစ္စကတော့ သိပ္ပံပညာရှင်အားလုံးက မှန်တယ်လို့ ယူဆထားခဲ့တဲ့အတွက် တချို့အပေါ် အယ်လ်ဘတ်က သဘောမတူ မမှန်ကန်ကြောင်း သူ့ရဲ့စာတမ်းမှာ အစပျိုးထားခဲ့လို့ ဖြစ်တယ်။ သိပ္ပံပညာရှင်တွေ ကြွေးကြော်နေတဲ့ ယူဆချက်က ဂြိုဟ်တွေ လတွေမရှိတဲ့ အာကာသရဲ့ဝေးလံရာ ဗလာနယ်အစိတ်အပိုင်းဟာ 'အီသာ'ဆိုတဲ့ အရာသက်သက်နဲ့ ပြည့်နှက်နေတယ်ဆိုတာပါပဲ။ 'အီသာ' ဆိုတာ ဘာနဲ့လုပ်ထားတာလဲ၊ ဘာနဲ့တူသလဲ၊ ဘယ်လို ခံစားတွေ့ထိလို့ရသလဲ။ ဘာအနံ့ရှိသလဲဆိုတာတွေကိုတော့ သိပ္ပံပညာရှင်ဆိုသူတွေ စိတ်ကူးကြည့်လို့မရနိုင်ခဲ့ဘူး။ အဲဒီအာကာသထဲမှာ ရှိနေတယ်လို့ပဲ အားလုံး သဘောတူကြတယ်။ အယ်လ်ဘတ်က ဒါကို သဘောမတူဘူး။ သူက အာကာသရဲ့ ဟင်းလင်းပြင်အစိတ်အပိုင်း နယ်ပယ်ကြီးဟာ ဟင်းလင်းပြင်ဆိုတဲ့အတိုင်း ဘာမှမရှိတဲ့ ဗလာနယ် ဟင်းလင်းပြင်သက်သက်ပဲလို့ ကြွေးကြော်ထုတ်ပြောပါတယ်။

အယ်လ်ဘတ်ရဲ့ ပထမဆုံးစာတမ်းက ဂရုတစိုက် သတိထားမှု များများမရခဲ့ဘူး။ ဒါကို အယ်လ်ဘတ်က စိတ်ပျက်လက်ပျက်ဖြစ်မိပေမဲ့ သည်အဖြစ်ကို သူ့အနေနဲ့ တအံ့တသြ မဖြစ်ထိုက်ပါဘူး။ အံ့သြစရာမလိုတဲ့ အကြောင်း အားလုံးထဲမှာ အယ်လ်ဘတ်ဟာ အထက်တန်းကျောင်းက အထုတ်ခံရပြီး ခုထိလည်း မိဘနဲ့ ရင်အုပ်မကွာနေထိုင်နေရဆဲ ဆယ်ကျော်သက်လူငယ်လေးဖြစ်နေတဲ့ အချက်ကလည်း ပါတယ်။ ကမ္ဘာမှာ လူလေးစားအခံရဆုံး သိပ္ပံပညာရှင်တွေရဲ့ အယူအဆ သဘောတရားတွေကို စိန်ခေါ်အံ့တုတဲ့ သူက ဘယ်သူများလဲ။ ဘယ်လိုပဲဖြစ်ဖြစ်၊ နှစ်များစွာကြာပြီးတဲ့နောက်မှာ သည်သိပ္ပံပညာရှင်များစွာကပဲ အိုင်းစတိုင်းရဲ့ ပထမဆုံးပုံနှိပ်စာတမ်းကို ပြန်လိုက်ရှာနေကြရပြီ။ သည်လူငယ် သိပ္ပံဆရာ ဉာဏ်ကြီးရှင်ကို အံ့သြချီးမွမ်းမဆုံး ဖြစ်ကြရပါတယ်။ ဘာကြောင့်ဆို အယ်လ်ဘတ်က မှန်နေတာကိုး။

အီတလီမှာ နေထိုင်စဉ်ကာလအတောအတွင်းမှာ အယ်လ်ဘတ်ဟာ တစ်ယောက်တည်း ခရီးရှည် လမ်းလျှောက်ထွက်လေ့ ရှိပါတယ်။ တစ်ရက်ပြီးတစ်ရက်၊ တောင်တွေကို တက်တယ်။ သူ့မိသားစုရဲ့ စီးပွားရေးလုပ်ငန်း

mgyoe.com

m g

က ကျဆင်းလာနေခိုက်မှာ အယ်လ်ဘတ်က သူ့မိဘတွေအတွက် သူဟာ ယူရုံယူတတ်ပြီး ဘာမှ မဖြည့်စွမ်းပေးတတ်တဲ့ ကုန်ရာကုန်ကြောင်း လူ့ကပ်ပါးတစ်ကောင် ဖြစ်နေပြီလားလို့ ပူပင်မိတယ်။ သူ့မှာ စဉ်းစားတွေးတောစရာတွေလည်း အများကြီးဖြစ်နေတယ်။ နေ့စဉ် လမ်းလျှောက်ရင်း အချိန်ယူ စဉ်းစားရတာက သူ့စိတ်ကို ကြည်လင်ရှင်းလင်းစေတယ်။ "နိုင်ငံတွင်းမှာ တစ်ကိုယ်တော် အထီးကျန်နေထိုင်ရင်း သတိထားမိလာတာက တိတ်ဆိတ်ငြိမ်သက်တဲ့ ဘဝတစ်ခုရဲ့ တစ်သံတည်း ထွက်နေမှုက ဖန်တီးတီထွင်မှု ဉာဏ်ကို ဘယ်လိုနှိုးဆွနေတယ်ဆိုတာပါပဲ"လို့ သူက ထုတ်ပြောခဲ့တယ်။

သည်လိုတောင်တက်ခရီးရှည်တွေ အတောအတွင်းမှာ အယ်လ်ဘတ်ဟာ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေ အများကြီး ချမှတ်ခဲ့တယ်။ ကောလိပ်မှာ ရူပဗေဒပညာရပ်ကို သင်ယူလေ့လာမယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ရူပဗေဒဆိုတာ ရုပ်ဝတ္ထုဒြပ်ထု၊ သူတို့ရဲ့စွမ်းအင်နဲ့ သူတို့ရွေ့လျားပုံတွေအကြောင်း ဖော်ထုတ်တဲ့ သိပ္ပံပညာရပ်ဖြစ်တယ်။ သည့်နောက် သူ ရူပဗေဒပါမောက္ခတစ်ယောက်လည်း ဖြစ်လာချင်တယ်။ သည်လိုဖြစ်ဖို့ သူ အထက်တန်းကျောင်းပြီးအောင်တက်မှ ဖြစ်မယ်လို့လည်း သဘောပေါက်မိတယ်။ ဒါပေမဲ့ ဘယ်ကျောင်းမှ သူ့စိတ်ဦးနှောက်ကို ပိုင်ဆိုင်နိုင်စွမ်း မရှိ ကြတာမို့ လက်ရှိ သူ့ရဲ့ဂျာမန်အထက်တန်းကျောင်းကိုပဲ ပြန်တက်နိုင်ဖို့ကြိုးစားမှ ဖြစ်မယ်လို့ နားလည်လာမိပါတယ်။

ဘဝမှာ အရေးကြီးဆုံးကိစ္စအဖြစ် အမြဲတမ်းရှိနေမှာက သူ့ကိုယ်ပိုင် အယူအဆတွေ စူးစမ်းဖော်ထုတ်ဖို့အတွက် တွေးတောစဉ်းစားမှုမှာ လွတ်လွတ်လပ်လပ် စဉ်းစားရေးပဲဖြစ်တယ်လို့လည်း သူ ဆုံးဖြတ်လိုက်တယ်။ တကယ်လို့သာ သူ လက်ထပ်ဖြစ်လို့ သားနဲ့ မယားနဲ့ အိမ်ထောင်သည် ဖြစ်လာမယ်ဆိုရင်တော့ မိသားစုက သူ့အတွက် နောက်ဆံတင်းစရာ အခက်ကြုံရတော့မှာပဲပေါ့။ ဒါပေမဲ့ သူကတော့ သူ့ရဲ့လွတ်လွတ်လပ်လပ် တွေးတောစဉ်းစားနိုင်မယ့် သူ့အစွမ်းအစကို ယုံကြည်တဲ့အတွက်ကြောင့် သိပ်များများ အခက်ကြုံလာမှာ မဟုတ်ဘူးလို့ နားလည်ထားတယ်။ လူအချို့အတွက်တော့ သည်လိုနေနည်းဟာ တစ်ကိုယ်ကောင်းဆန်တဲ့ နေထိုင်နည်း

mgyoe.com

mgyoe.com


တစ်ခုပဲရယ်လို့ ထင်သွားနိုင်ကြတော့တာပေါ့။

ဒါပေမဲ့ အယ်လ်ဘတ်အတွက် သည်လို နေထိုင်နည်းသာလျှင် အဓိပ္ပာယ်ရှိတဲ့ ဘဝအမျိုးအစား ဖြစ်နေပါတယ်။

ဂျာမန်စကားပြောတဲ့ ဆွစ်ဇာလန်မှာ အယ်လ်ဘတ် အထက်တန်းကျောင်း ပြန်တက်တယ်။ ကျေနပ်စရာလည်းကောင်း၊ မမျှော်လင့်တဲ့ အံ့သြစရာလည်း ကောင်းလိုက်ပါဘိတော့။ သူ့ရဲ့ အခုကျောင်းအသစ်က ယခင်ဂျာမန်ကျောင်းနဲ့ လုံးဝမတူဘူး။ တစ်မူကွဲနေတယ်လေ။ သည်ဆွစ်ကျောင်းမှာ ကျောင်းသားတွေက မေးခွန်းပြန်လှန်မေးခွင့်ရလို့ပါပဲ။ အယ်လ်ဘတ်ကတော့ သူ့ဆရာသမားတွေနဲ့ "အချိန်" ဆိုတဲ့(ကာလ) ဘာသာရပ်အကြောင်း ဆွေးနွေးရာမှာ ထူးထူးခြားခြား ကျေနပ်နေတယ်။ အချိန်ဟာ ဖြတ်သန်းသွားရာမှာ ဘယ်လောက်ထိ မြန်ဆန်သလဲ။ အနာဂတ်ဆိုတာဘာလဲ။ အဲဒီအနာဂတ်ထဲ ကျွန်တော်တို့ ခရီးထွက်လို့ ရမလား။ ဒါမှမဟုတ် အနာဂတ်က သူ့နေရာမှာ ရှိနေနှင့်ပြီးသားလား။ အချိန်ဟာ အမြဲကျဆုံးပြုန်းတီးသွားနေမှာပဲလား။

အယ်လ်ဘတ်က သူ့ရဲ့ဆွစ်ကျောင်းကို ကြိုက်နှစ်သက်ရုံသာမက ဆွစ်လူမျိုးတွေကိုလည်း ကြိုက်နှစ်သက်တယ်။ ဆွစ်လူမျိုးတွေက ရင်းနှီးခင်မင်လွယ်ပြီး သဘောထားကောင်းမွန်မှုတကြတယ်။ ဆွစ်ဇာလန်နိုင်ငံသား ခံယူဖို့အထိ သူ ဆုံးဖြတ်မိပါတယ်။ အထက်တန်းကျောင်းက ဘွဲ့ရပြီးတဲ့နောက်မှာ အယ်လ်ဘတ်ဟာ ဆွစ်ဇာလန်မှာပဲ ဆက်နေပြီး ဇူးရစ်မြို့ထဲက ဆွစ်ဖယ်ထရယ် ပိုလီတက်ကနစ်ကောလိပ်မှာ တက္ကသိုလ်ပညာ စတင်ပါတယ်။ အယ်လ်မှာ ပိုက်ဆံမရှိဘူး။ သူ့မိသားစုက ရန်းကန်ရမှု အကျပ်အတည်းတွေဆိုက်ပြီး စီးပွားရေးကျဆင်းနေတယ်။ ဦးလေးတစ်ယောက်က အယ်လ်ဘတ်ကို ငွေကြေးနည်းနည်း ကူညီထောက်ပံ့တယ်။ ဒါပေမဲ့ သိပ်မများလှဘူး။ အယ်လ်ဘတ်ဟာ မှောင်မိုက်တဲ့အခန်းထဲနေရပြီး မငတ်ရုံတမယ် စားရသောက်ရတယ်။ အဝတ်အစားသစ်ရယ်လို့ မရှိဘဲ ကျောင်းနေနိုင်ရုံ အဝတ်တစ်ထည် ကိုယ်တစ်ခု နေရတယ်။

ဒါတောင် အဲဒီကာလမှာ ကောင်းတဲ့ ကိစ္စရပ်တွေ ရှိခဲ့သေးတယ်။ ကောလိပ်မှာ သူမိတ်ဆွေသစ်တွေ ရခဲ့တယ်။ (တခြားကျောင်းသားတွေ

mgyoe.com

mgyoe.com


က အယ်လ်ဘတ်ကို ချစ်စနိုးနဲ့ "ပါမောက္ခ" လို့ ခေါ်ကြတယ်။ သူ့မှာ အယူအဆ သီဝရီတွေ တစ်ပုံတစ်ခေါင်း ရှိနေပြီး ရူပဗေဒအကြောင်းကို လည်း အတော်များများ ပြောတတ်လို့ ဖြစ်ပါတယ်။) သူ့ရဲ့ မိတ်ဆွေသစ် တွေထဲက တစ်ယောက်ကတော့ သူ့အတန်းထဲက တစ်ဦးတည်းသော မိန်း ကလေးဖြစ်သူ "မီလဲဗာမာရစ်" ပဲ ဖြစ်ပါတယ်။ အယ်လ်ဘတ်က သူမ ကို "ဒေါလီ"လို့ ခေါ်လေ့ရှိတယ်။ သူမကလည်း အတော်ဉာဏ်ထက်ထက် နဲ့ အတော်ပြောင်မြောက်တဲ့ အတွေးသမားပဲ ဖြစ်နေတယ်။ သူတို့နှစ် ယောက်သား ဂီတအကြောင်း၊ ရူပဗေဒအကြောင်းတွေ ပြောကြတယ်ဆို ရင် ဆုံးတယ်လို့ကို မရှိဘူး။ သိပ်မကြာလိုက်ခင်မှာပဲ အယ်လ်ဘတ်နဲ့ 'မီလဲဗာ' တို့ နှစ်ယောက် လက်ထပ်ကြဖို့အထိ စီမံကြကြောင်း ကြေညာ ဖြစ်ပါတော့တယ်။

(၁၉၀၀ ပြည့်နှစ်ထဲမှာ သူမထံ သူရေးတဲ့စာထဲမှာ "မင်းအကြောင်း ကိုယ် မတွေးရဘဲနဲ့တော့ သည်သနားစရာ လူသားအုပ်စုလေးတွေကြားထဲ မှာ ကိုယ်ရှေ့လျှောက် အသက်ရှင်မနေလိုတော့ပါ" လို့ ဆိုထားလေရဲ့။)

၁၉၀၀ ပြည့်နှစ် ကောလိပ်က ဘွဲ့ရတဲ့အခါမှာ ရူပဗေဒဆရာတစ် ယောက် လုပ်မယ်လို့ သူအကွက်ချစီမံခဲ့တာပါပဲ။ သူ့ဘဝမှာ ဟန်အကျဆုံး ကာလဖြစ်လာမယ်ဆိုရင် ဖြစ်လာသင့်တာပေါ့လေ။ သူ့မှာ ဒီပလိုမာလည်း ရထားပြီ။ ချစ်သူလည်း တွေ့နေပြီ။ ဘယ်လိုပဲဖြစ်ဖြစ် သူ့မှာ ကျောင်းဆရာ အလုပ်တစ်ခု ရှာမရခဲ့ဘူး။ သူ့ဦးလေးက သူ့ဆီ ငွေကြေးပို့နေတာ ရပ်ဆိုင်း ပစ်တယ်။ အယ်လ်ဘတ်ရဲ့ အဝတ်အစားတွေက စုတ်ပြတ်ကုန်ပြီ။ စားရ တဲ့ အစာလည်း ကျဲသွားတဲ့အပြင် နည်းနည်းပဲစားနိုင်တယ်။ သူ့ကျန်းမာ ရေးလည်း ထိခိုက်နေပြီ။ အလုပ်မရှိဘဲနဲ့ သူ ဘယ်လိုလုပ် 'မီလဲဗာ'ကို လက်ထပ်ယူနိုင်မှာလဲ။

နောက်ဆုံးတော့ သူ ဆွစ်ပြည်တွင်း မူပိုင်ခွင့်မှတ်ပုံတင်ရုံးမှာ အလုပ် တစ်ခု ရခဲ့တယ်။ အဲဒီနေရာအလုပ်က သူသွားလုပ်တဲ့အလုပ်မျိုးတော့ မဟုတ်ဘူး။ ဒါပေမဲ့ ဒါလည်း အလုပ်တစ်ခုပဲ ဖြစ်တယ်။

သည့်နောက် အယ်လ်ဘတ်ရဲ့ ဖခင် ကွယ်လွန်သွားတယ်။ အယ်လ် ဘတ် ပိုဆိုးဝါးသွားတယ်။ ကံကောင်းတာက 'မီလဲဗာ' ကို တွေ့ရလိုက်

mgyoe.com